**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၁၅**
**၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၁) ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ( ၇ ) ရက်)**

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ ပုဒ်မ ၇၁ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စတော့ရှယ်ယာရောင်းဝယ်ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်နှင့် ငွေချေးသက်သေခံလက်မှတ်လွှဲပြောင်းမှုများကို အီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင်ဆောင်ရွက်နိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းထားသည့် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများသည် စတော့အိပ်ချိန်းတွင် ယင်းတို့၏ စတော့ရှယ်ယာများကို ရောင်းဝယ်လိုပါက ဤအမိန့်ကြော်ငြာစာအရ လိုက်နာဆောင်ရွက်ရမည်။

**အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့အစည်း ( Book - Entry Transfer Institution) ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂။ ကော်မရှင်မှ ခွင့်ပြုထားသော စတော့အိပ်ချိန်းသည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ(၅၁) အရ ငွေချေးသက်သေခံလက်မှတ်များအပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းအား ဤအမိန့်ကြော်ငြာစာနှင့် ယင်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများနှင့်အညီ အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်းအဖြစ် လုပ်ကိုင်နိုင်သည်။

၃။ အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များ၏ လွှဲပြောင်းမှုမှတ်တမ်းတင် စာရင်းကိုပြုစုထိန်းသိမ်းရာတွင်-

(၁) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုစီကိုသီးခြားစာရင်းတစ်ခုစီဖွင့်လှစ် ထိန်းသိမ်းထားရမည်။

(၂) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ တစ်ခုစီ၏ စာရင်းကို ယင်း၏ကိုယ်ပိုင်စာရင်းနှင့်ယင်းတို့နှင့်လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူစာရင်းဟူ၍ခွဲခြားထိန်းသိမ်းရမည်။

(ခ) အစုရှယ်ယာပိုင်ရှင်များ၏ ကိုယ်စား ကိုယ်စားလှယ်လုပ်ငန်းကို ဆောင်ရွက်နိုင်သည်။ ယင်းတွင် ငွေချေးသက်သေခံလက်မှတ်ကိုင်ဆောင်သူများ၏ မှတ်ပုံတင်စာရင်းကို စီမံခန့်ခွဲခြင်း၊ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူကိုယ်စား ငွေချေးသက်သေခံလက်မှတ်ကိုင်ဆောင်သူများ၏ မှတ်ပုံတင်စာရင်းအား ပြုစုခြင်း၊ ထိန်းသိမ်းခြင်းတို့ပါဝင်သည်။

(ဂ) လုပ်ငန်းဆိုင်ရာစည်းမျဉ်း မူကြမ်း သို့မဟုတ် ယင်း၏ပြင်ဆင်ချက် တစ်စုံတရာကို ကော်မရှင်သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဃ) အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများကို ပြုစုရေးဆွဲရမည်-

(၁) အီလက်ထရောနစ်နည်းဖြင့် ဆောင်ရွက်မည့် ငွေချေးသက်သေခံလက်မှတ်အမျိုးအစားများ၊

(၂) စာရင်းထိန်းသိမ်းသည့်အဖွဲ့အစည်းအဖြစ်ဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီစာရင်းများ၊ယင်းတို့နှင့်လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူများနှင့်ပတ်သက်သည့်ကိစ္စရပ်များ၊

(၃) ငွေချေးသက်သေခံလက်မှတ်များကို အီလက်ထရောနစ်နည်းဖြင့် လွှဲပြောင်းပေးသည့်လုပ်ငန်းနှင့် ဆက်နွယ်သည့်ကိစ္စရပ်များ၊

(၄) ငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို ကျင့်သုံးမှုနှင့်ဆက်နွယ်သည့်ကိစ္စရပ်များ၊

(၅) ငွေချေးသက်သေခံလက်မှတ်ကိုင်ဆောင်သူများ၏ မှတ်ပုံတင်စာရင်းနှင့်ဆက်နွယ်သည့် ကိစ္စရပ်များ၊

(၆) အစုရှယ်ယာပိုင်ရှင်များ၏ကိုယ်စားလှယ်လုပ်ငန်းနှင့်အီလက်ထရောနစ်နည်းဖြင့် ငွေချေးသက်သေခံလက်မှတ်များကို လွှဲပြောင်းပေးသည့် လုပ်ငန်းတို့ကိုဆောင်ရွက်ရန် ကော်မရှင်မှ သတ်မှတ်သည့်အခြားကိစ္စရပ်များ၊

(၇) အစုရှယ်ယာပိုင်ရှင်များ၏ကိုယ်စားလှယ်လုပ်ငန်းနှင့်အီလက်ထရောနစ်နည်းဖြင့် ငွေချေးသက်သေခံလက်မှတ်များကို လွှဲပြောင်းပေးသည့် လုပ်ငန်းတို့ကိုဆောင်ရွက်ရန်လိုအပ်သည့်အခြားကိစ္စရပ်များ။

**စာရင်းထိန်းသိမ်းသည့်အဖွဲ့အစည်း ( Account Management Institution) ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၄။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင် ထိန်းသိမ်းသည့်လုပ်ငန်းကို စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းအဖြစ် ကော်မရှင်၏ ခွင့်ပြုမိန့် ဖြင့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများအတွက် ဆောင်ရွက်နိုင်သည်။ စာရင်းထိန်းသိမ်း သည့် အဖွဲ့အစည်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်း၏ လုပ်ငန်း ဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရမည်။

(ခ ) ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှု လက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း လုပ်ငန်းကို ဆောင်ရွက်လိုပါက ကော်မရှင်၏ခွင့်ပြုမိန့်ကို လျှောက်ထားရယူရမည်။

(ဂ ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးချင်းစီအလိုက် အီလက်ထရောနစ် ငွေ ချေးသက်သေခံလက်မှတ်များ၏ စာရင်းကို သီးခြားစီဖွင့်လှစ်ထိန်းသိမ်းထားရမည်။

**အီလက်ထရောနစ်လွှဲပြောင်းမှုမှတ်တမ်းတင်စာရင်း (Transfer Account Book)**

၅။ အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်း သို့မဟုတ်စာရင်း ထိန်းသိမ်းသည့်အဖွဲ့အစည်းတို့၏ အီလက်ထရောနစ်လွှဲပြောင်းမှုမှတ်တမ်းတင်စာရင်းရှိ စာရင်း တစ်ခုစီတွင် ယင်းစာရင်းကိုဖွင့်လှစ်ထားသူ၏ အမည်နှင့် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်း တင်ထိန်းသိမ်းသည့် အဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများအရ သတ်မှတ်ထားသည့် အခြားလိုအပ်သောကိစ္စရပ်များကို လုပ်ငန်းဆိုင်ရာစည်းမျဉ်းများနှင့်အညီ ရေးသွင်း မှတ်တမ်း တင်ရမည်။

**ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူများ**

၆။ (က) ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူသည် မိမိ၏ ငွေချေးသက်သေခံလက်မှတ် များကို စီမံဆောင်ရွက်ခွင့်ပြုကြောင်း သဘောတူညီချက်ကိုအီလက်ထရောနစ်နည်း နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့အစည်းတစ်ခုသို့ ပေးရမည်။ ယင်း သဘောတူညီချက်ကို ရုပ်သိမ်းခြင်းမပြုရ။

(ခ ) ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူသည် အပိုဒ်ခွဲ(က)ပါ သဘောတူညီချက် အားအခြားသော အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့ အစည်းနှင့် သဘောတူညီချက် ထပ်မံမပြုလုပ်ရ။

(ဂ ) ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူသည်မိမိက စီမံဆောင်ရွက်ခွင့်ပြုထားသည့် အီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများကို လိုက်နာရမည်။

**ငွေချေးသက်သေခံလက်မှတ်များကို စာရွက်စာတမ်းပုံစံဖြင့် ထုတ်ဝေမှုမပြုခြင်း**

၇။ (က) စတော့အိပ်ချိန်းတစ်ခုတွင် စာရင်းဝင်ထားသည့် ရှယ်ယာများအတွက် စာရွက်စာတမ်းပုံစံရှယ်ယာလက်မှတ်များ ထုတ်ဝေခြင်းမပြုဘဲ ထားရမည်။ စတော့အိပ်ချိန်းတွင် ကနဦးစာရင်းဝင်သည့် ရှယ်ယာများကို အပိုဒ် ၈(က) နှင့်အညီ အီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်း၏ အီလက်ထရောနစ်လွှဲပြောင်းမှု မှတ်တမ်းတင်စာရင်းရှိ သက်ဆိုင်ရာစာရင်းတွင် အီလက်ထရောနစ်ရှယ်ယာအဖြစ်မှတ်တမ်းတင်သည့်အခါအဆိုပါကနဦးစာရင်းဝင်သည့် ရှယ်ယာများကို ကိုယ်စားပြုသည့် ရှယ်ယာလက်မှတ်များနှင့် ယင်းတို့နှင့် ဆက်နွှယ်နေသည့် အခွင့်အရေးများသည် ကုန်ဆုံးစေရမည်။

(ခ) အီလက်ထရောနစ်ရှယ်ယာများနှင့် ဆက်သွယ်သည့် ပိုင်ဆိုင်မှု အခွင့်အရေးများကို စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းနှင့် အီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်းတို့ရှိ အီလက်ထရောနစ်လွှဲပြောင်းမှု မှတ်တမ်းများဖြင့် ဆုံးဖြတ်ရမည်။

(ဂ) ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပုဒ်မ (၃၇)ပါ ပြဋ္ဌာန်းချက်များသည် အီလက်ထရောနစ်ရှယ်ယာများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

**အီလက်ထရောနစ်စာရင်းများမှတ်တမ်းတင်ထိန်းသိမ်းသည့်လုပ်ငန်းစဉ်များ**

**(Procedures for Book Entry)**

၈။ အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် လုပ်ငန်းစဉ်များမှာ-

(က) ငွေချေးသက်သေခံလက်မှတ်များအား စတော့အိပ်ချိန်းတွင် ကနဦး စာရင်းဝင်သည့်အခါ သို့မဟုတ် အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များ အသစ်ထုတ်ဝေသည့်အခါအီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်းနှင့် သက်ဆိုင်ရာ စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းတို့သည် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်း သိမ်းသည့်အဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများနှင့် အညီ အီလက်ထရောနစ် လွှဲပြောင်းမှုမှတ်တမ်းတင်စာရင်းရှိ သက်ဆိုင်ရာစာရင်းတစ်ခုစီတွင် တိုးလာသည့် အရေအတွက်ကို မှတ်တမ်းတင်ရမည်။

(ခ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များကို အီလက်ထရောနစ်လွှဲပြောင်းမှုမှတ်တမ်းတင်စာရင်း၌ စာရင်းဖွင့်လှစ်ထားသူထံသို့ လွှဲပြောင်းခြင်း၊ ပေးပို့ခြင်း၊ စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းစာရင်း၌ အရေအတွက် ပြောင်းလဲသွားခြင်းကိစ္စရပ်တို့တွင် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်းနှင့် သက်ဆိုင်ရာစာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းတို့သည် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများပါ လုပ်ငန်းစဉ်များအရ နှောင့်နှေးမှု မရှိစေဘဲ အီလက်ထရောနစ် လွှဲပြောင်းမှုမှတ်တမ်းတင်စာရင်း၌ ရေးသွင်းမှတ်တမ်းတင်ရမည်။

(ဂ) အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူ၏ လျှောက်ထားချက်အရ အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များကို ပယ်ဖျက်ခြင်း ၊ ပြန်ရွေးခြင်း၊ စတော့အိပ်ချိန်းစာရင်းဝင်အဖြစ်မှ ရုပ်စဲခြင်းကိစ္စတို့တွင် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့အစည်းနှင့် သက်ဆိုင်ရာစာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းတို့သည် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်း ၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများပါ လုပ်ငန်းစဉ်များအရ နှောင့်နှေးမှုမရှိစေဘဲ ဆောင်ရွက်ရမည်။ စတော့အိပ်ချိန်းစာရင်းဝင်အဖြစ်မှ ရုပ်စဲသည့်ကိစ္စတွင် ယင်းရှယ်ယာများအတွက် စာရွက်စာတမ်းပုံစံ ဖြင့် ရှယ်ယာလက်မှတ်ပုံနှိပ်ထုတ်ဝေခြင်းကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အထူးစာရင်းများဖွင့်လှစ်ခြင်း**

၉။ (က) အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေသူသည် ယင်းအီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များ စတော့အိပ်ချိန်းတွင် ကနဦးစာရင်းဝင်သည့်အခါတွင်လည်းကောင်း၊အသစ်ထုတ်ဝေသည့်အခါတွင်လည်းကောင်း၊အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့အစည်းမှ သတ်မှတ်သည့်ရက်တွင် အဆို ပါငွေချေးသက်သေခံလက်မှတ်လက်ရှိကိုင်ဆောင်ထားသူများအား မသိရှိနိုင်လျှင် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများပါအတိုင်း ယင်းတို့၏ ပိုင်ဆိုင်ခွင့်ကိုအထူးစာရင်းဖွင့်၍ မှတ်တမ်းတင်ရန်အီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင်ထိန်းသိမ်း

သည့် အဖွဲ့အစည်းထံ လျှောက်ထားရမည်။

(ခ) အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူသည် အပိုဒ် ခွဲ(က)နှင့် အညီ အထူးစာရင်းတွင် မှတ်တမ်းတင်ထားသည့် အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်း၍ လွှဲပြောင်းမှုလုပ်ငန်းစဉ် များကိုဆောင်ရွက်လိုပါက အထူးစာရင်းမှ စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းရှိ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူစာရင်းသို့ ဦးစွာ လွှဲပြောင်းရမည်။

**အီလက်ထရောနစ်လွှဲပြောင်းမှုမှတ်တမ်းတင်စာရင်းတွင် မှတ်တမ်းတင်ခြင်း စတင်အကျိုးသက်ရောက်မှု (Effect of Entries on Transfer Account Book)**

၁၀။ (က) **စတင်အကျိုးသက်ရောက်ခြင်း (Effect of book-entry)**

(၁) အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်ထုတ်ဝေသူ၏ လျှောက်ထားချက်အရ အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များကို ရယူလိုသူ၏ စာရင်းတွင် အရေအတွက် တိုးမြှင့်မှတ်တမ်းတင်သည့် အချိန်မှစ၍ အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေခြင်းသည် စတင် အကျိုးသက်ရောက်မည်ဖြစ်သည်။

(၂) ငွေချေးသက်သေခံလက်မှတ်များအား အီလက်ထရောနစ်နည်းဖြင့် လွှဲပြောင်းပေးရန် လျှောက်ထားချက်အရ အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များအား လွှဲပြောင်းလက်ခံမည့်သူ၏ စာရင်းတွင် အဆိုပါ ငွေချေးသက်သေခံလက်မှတ်တိုးလာသည့် အရေအတွက်အား မှတ်တမ်းတင်သည့်အချိန်မှစ၍ ယင်းလွှဲ ပြောင်းမှုသည် စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။

(ခ) **အခွင့်အရေးရရှိကြောင်းမှတ်ယူခြင်း (Presumption of Holding Rights)**

လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူသည် စာရင်းထိန်းသိမ်းသည့်အဖွဲ့အစည်းတွင် မှတ်တမ်းတင်ထားသည့် အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များနှင့် သက်ဆိုင်သော အခွင့်အရေးများကို ဥပဒေနှင့်အညီ လက်ဝယ်ရှိသူဟုမှတ်ယူရမည်။ ထို့အတူ စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းသည်လည်း အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့အစည်းရှိ ယင်း၏ ကိုယ်ပိုင်စာရင်းတွင် မှတ်တမ်းတင်ထားသည့် အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များနှင့် သက်ဆိုင်သော အခွင့်အရေးများကို ဥပဒေနှင့်အညီ လက်ဝယ်ရှိသူဟုမှတ်ယူရမည်။ ယင်းသို့ လက်ဝယ်ရှိသည်ဟု မှတ်ယူခြင်းများသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အခြား တည်ဆဲဥပဒေများပါပြဋ္ဌာန်း ချက်များနှင့်အညီအစုရှယ်ယာပိုင်ရှင်

များ၏ အခွင့်အရေးများ တရားဝင်ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) **သဘောရိုးဖြင့်ပိုင်ဆိုင်ခြင်း (Bona Fide Acquisition)**

(၁) လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းသည် ယင်း၏စာရင်းတွင်မှတ်တမ်းတင်ထားသော အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များ၏ အီလက်ထရောနစ်နည်းဖြင့် လွှဲပြောင်းမှုအရ တိုးလာသော အရေအတွက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးများကိုလည်း လက်ခံရရှိစေရမည်။ သို့ရာတွင် လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းက အဆိုပါ အီလက်ထရောနစ်နည်းဖြင့် လွှဲပြောင်းသည့် ငွေချေးသက်သေခံလက်မှတ်များ၏ ပိုင်ဆိုင်မှုကို သိလျက်နှင့်ဖြစ်စေ သို့မဟုတ် လွန်မင်းစွာ ပေါ့လျော့၍ဖြစ်စေ ဆောင်ရွက်ခြင်းဖြစ်ပါက ယင်းအပိုဒ်နှင့်အကျုံးဝင်ခြင်းမရှိစေရ။ ယင်းတွင် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့အစည်း၌ ဖွင့်လှစ်ထား ရှိသည့် စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းရှိ လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူ စာရင်းတွင် ရေးသွင်းထားခြင်းများ ပါဝင်ခြင်းမရှိစေရ။

(၂) အပိုဒ်ခွဲ(၁)၏ အကျိုးဆက်အရ အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်း၏ အီလက်ထရောနစ်လွှဲပြောင်းမှု မှတ်တမ်းတင်စာရင်းတွင် မှတ်တမ်းတင်ထားသော ငွေချေးသက်သေခံလက်မှတ် စုစုပေါင်းအရေအတွက်သည် ထုတ်ဝေထားသည့် စုစုပေါင်း အရေအတွက်ထက် ကျော်လွန်နေပါက ထိုသို့ ကျော်လွန်မှတ်တမ်းတင်ထားသော အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ် အရေအတွက်ကို အီလက်ထရောနစ်နည်းဖြင့်မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်း သို့မဟုတ် စာရင်းထိန်းသိမ်းသည့်အဖွဲ့အစည်းက ရယူ၍ ယင်းတို့နှင့်ပတ်သက်သော အခွင့်အရေးများ အားလုံးကို စွန့်လွှတ်ကြောင်း အဆိုပါ ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေသူထံသို့ စာဖြင့် ရေးသားရမည်။ အဆိုပါ ထုတ်ဝေသူမှ ယင်းစွန့်လွှတ်ကြောင်းစာလက်ခံရရှိသည့်အခါ ယင်းတို့နှင့်ပတ်သက်သည့် အခွင့်အရေးများ ပျက်ပြယ်ပြီးဆုံးစေရမည်။

(ဃ) **အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များအားအပေါင်ပစ္စည်းအဖြစ် ထားရှိခြင်း**

အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များအား အပေါင်ပစ္စည်းအဖြစ် ထား

ရှိနိုင်သည်။ ထိုသို့ ထားရှိမှုသည် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများအရ အပေါင်ပစ္စည်းအဖြစ် ပေးအပ်သူ၏ လျှောက်ထားချက်ဖြင့် ပေးအပ်ခြင်းခံရသူ၏ စာရင်းတွင် အပေါင်ပစ္စည်းအဖြစ် ပေးအပ်သော ငွေချေးသက်သေခံလက်မှတ် အရေအတွက်ကို ရေးမှတ်သည့်အချိန်မှစ၍ အကျိုးသက်ရောက်ရမည်။

**အရပ်ရပ်အစုရှယ်ယာပိုင်ရှင်များအားအတည်ပြုခြင်း**

၁၁။ (က) အောက်ဖော်ပြပါကိစ္စရပ်များတွင် အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်းသည် ယင်း၏လုပ်ငန်းဆိုင်ရာစည်းမျဉ်းများအရ အီလက်ထရောနစ် လွှဲပြောင်းမှုမှတ်တမ်းတင်စာရင်းတွင် မှတ်တမ်းတင်ထားသည့်အတိုင်း အစုရှယ်ယာပိုင်ရှင်များ၏ အမည်၊ နေရပ်လိပ်စာ၊ အီလက်ထရောနစ် ရှယ်ယာနံပါတ်များနှင့် အခြားလိုအပ်သည့် အကြောင်းအရာများကို ယင်းတို့အား ထုတ်ဝေသူထံ အသိပေး အကြောင်းကြားရမည်။

(၁) အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေသူက မှတ်တမ်းတင်သည့်ရက် သတ်မှတ်သည့်ကိစ္စတွင် ရှယ်ယာပိုင်ခွင့်ရှိသည့် အစုရှယ်ယာပိုင်ရှင်များ သတ်မှတ်ရန် သို့မဟုတ် အစုရှယ်ယာပိုင်ရှင် အခွင့်အရေးအား ကျင့်သုံးနိုင်ရန်အတွက် ၄င်းနေ့ရက်ရှိ အစုရှယ်ယာပိုင်ရှင်များ၏ အချက်အလက်များ တောင်းခံသည့် ကိစ္စရပ်၊

(၂) အထက်အပိုဒ်ခွဲ (၁)ပါကိစ္စရပ်မှအပ မှန်ကန်ကြောင်းအတည်ပြုနိုင်ရန်အတွက် ထုတ်ဝေသူက အစုရှယ်ယာပိုင်ရှင်များ၏ အချက်အလက်များကို တောင်းခံသည့်ကိစ္စရပ်၊

(၃) အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့် အဖွဲ့အစည်း၏ လုပ်ငန်းဆိုင်ရာစည်းမျဉ်းများတွင် သတ်မှတ်ထားသည့်အခြားကိစ္စရပ်များ။

(ခ) အပိုဒ် (က)အရ အသိပေးအကြောင်းကြားစာကိုလက်ခံရရှိပါက အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေသူသည် အသိပေးအကြောင်းကြားစာပါ အချက်အလက်များအတိုင်း အစုရှယ်ယာပိုင်ရှင်အဖြစ် အသိအမှတ်ပြုရမည်ဖြစ်ပြီး မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရထားရှိသော အစုရှယ်ယာပိုင်ရှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အလက်များကို ထည့်သွင်းရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပါ က အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေသူသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ စုရှယ်ယာပိုင်ရှင်များအားမှတ်ပုံတင်စာရင်း

ရေးသွင်းခြင်း၊ အစုရှယ် ယာပိုင်ရှင်အညွှန်းမာတိကာများ သတ်မှတ်ခြင်း၊ အစုရှယ် ယာပိုင်ရှင်စာရင်းနှင့် စာရင်းချုပ်အား ပြုစုခြင်းစသည့် ရေးသွင်းရန် လိုအပ်သည့် အချက်အလက်များကို အစုရှယ်ယာ ပိုင်ရှင်တစ်ဦးချင်းစီအလိုက်ပြည့်စုံစွာရေးသွင်းနိုင်ခြင်းမရှိသည့်တိုင်အောင်အကြောင်း ကြားစာတွင်ပါရှိသော အချက်အလက်များအတိုင်း ပြည့်စုံမှန်ကန်စွာ ရေးသွင်းထားခြင်းဖြစ်ပါက ယင်းကဲ့သို့သော ကိစ္စတွင် အဆိုပါ ထုတ်ဝေသူသည် ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

**အစုရှယ်ယာပိုင်ရှင်တစ်ဦးချင်းအားအတည်ပြုခြင်း**

၁၂။ (က) အစုရှယ်ယာပိုင်ရှင်၏ အခွင့်အရေးတစ်ရပ်ရပ်ကို ကျင့်သုံးသည့်အခါ အဆိုပါ အစုရှယ်ယာပိုင်ရှင်သည် စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းထံသို့ အီလက်ထရောနစ်လွှဲပြောင်းမှုမှတ်တမ်းတင်စာရင်းတွင် ရေးမှတ်ထားသည့် ယင်းအစုရှယ်ယာပိုင်ရှင်၏သတင်းအချက်အလက်များကို အီလက်ထရောနစ် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေသူထံသို့ အကြောင်းကြားပေးရန်အတွက် လျှောက်ထားရမည်။

(ခ) အပိုဒ်(က) အရ လျှောက်ထားချက်ကို လက်ခံရရှိပါက စာရင်းထိန်းသိမ်းသည့် အဖွဲ့အစည်းသည် ယင်းလျှောက်ထားသူ အစုရှယ်ယာပိုင်ရှင်၏ အမည်၊ နေရပ်လိပ်စာ၊ အီလက်ထရောနစ်ရှယ်ယာအမှတ်စဉ်နှင့် အခြားလိုအပ်သည်များကို အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။ အီလက် ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းသည့်အဖွဲ့အစည်းမှတစ်ဖန် ထုတ်ဝေသူသို့ ယင်း၏လုပ်ငန်းဆိုင်ရာစည်းမျဉ်းများနှင့်အညီ ယင်းအချက်အလက်များကို အကြောင်းကြားရမည်။

(ဂ) အပိုဒ်(ခ)အရ အီလက်ထရောနစ်ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေသူသို့ အကြောင်းကြားသည့် အစုရှယ်ယာပိုင်ရှင်စာရင်းတွင် ပါဝင်သူသည် အစုရှယ်ယာပိုင်ရှင်၏အခွင့်အရေးကို ကျင့်သုံးခွင့်ရှိသည်။

**စတော့အိပ်ချိန်းတွင် ကနဦးစာရင်းဝင်သည့် ရှယ်ယာများအတွက် အထူးပြဋ္ဌာန်းချက်**

၁၃။ (က) အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်၍ ယင်း၏ ရှယ်ယာများကို စတော့အိပ်ချိန်း၌ ကနဦးစာရင်းဝင်ရန် အတည်ပြုခြင်းခံရသည့် ထုတ်ဝေသူသည် အပိုဒ်(၆) (က)တွင် သတ်မှတ်ထားသော သဘောတူညီချက်ကို အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင် ထိန်းသိမ်းသည့် အဖွဲ့အစည်းထံသို့ ပေးပို့ရမည်။

(ခ) အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်၍ ယင်း၏အစုရှယ်ယာများကိုစတော့အိပ်ချိန်း၌ ကနဦးစာရင်းဝင်ရန် အတည်ပြုခြင်းခံရသည့် ထုတ်ဝေသူသည် ကနဦးစာရင်းဝင်သည့်နေ့မတိုင်မီရှိနေသော အစုရှယ်ယာများ၏ပိုင်ရှင်များကို အစုရှယ်ယာပိုင်ရှင်မှတ်ပုံတင်မှတ်တမ်းပေါ်အခြေခံ၍ သတ်မှတ်ရမည်။

(ဂ) စတော့အိပ်ချိန်း၌ ကနဦးစာရင်းဝင်ရန်အတည်ပြုထားသည့်ရှယ်ယာများကိုပိုင်ဆိုင်ခွင့်ရှိသူသည် အီလက်ထရောနစ် ရှယ်ယာများ ထုတ်ဝေသူ သတ်မှတ်သည့်ရက်မှကနဦးစာရင်းဝင်ရန်သတ်မှတ်သည့် နေ့မတိုင်မီရက်ထိ ယင်း၏ မည်သည့်ရှယ်ယာကိုမဆို လွှဲပြောင်းခြင်းမပြုရ။ အီလက်ထရောနစ်ရှယ်ယာများ ထုတ်ဝေသူသည် စတော့အိပ်ချိန်း၌ စာရင်းဝင်ရန် ကနဦး အတည်ပြုထားသည့်ယင်း၏ရှယ်ယာအား လွှဲပြောင်းခြင်းကို တားမြစ်သည့် ကြိုတင်ကြေငြာချက်တစ်ရပ်ကို ယင်းသတ်မှတ်သည့် ရက်မတိုင်မီ အနည်းဆုံး (၇)ရက် ကြိုတင်၍ထုတ်ပြန်ရမည်ဖြစ်ပြီး ဤအပိုဒ်ကို ချိုးဖောက်၍ ထိုကာလ အတွင်း လွှဲပြောင်းခြင်းများရှိပါကမှတ်တမ်းတင်ပေးရန်ငြင်းဆိုရမည်။

(ဃ) အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်၍ယင်း၏အစုရှယ်ယာများကိုစတော့အိပ်ချိန်း၌ ကနဦးစာရင်းဝင်ရန်အတည်ပြုခြင်းခံရသည့် ထုတ်ဝေသူသည် အောက်ပါအချက်များပေါ်ပေါက်လာပါက အထက်အပိုဒ်(ခ)နှင့်(ဂ)တို့အားကျင့်သုံးခြင်းမပြုရ-

(၁) အဆိုပါထုတ်ဝေသူက စာရင်းဝင်ရန် လျှောက်ထားခြင်းကို ပြန်လည် ရုပ်သိမ်းခဲ့ခြင်း၊

(၂) စတော့အိပ်ချိန်းကနဦးစာရင်းဝင်သည့်နေ့မတိုင်မီ စာရင်းဝင်အတည်ပြုချက်ကို ရုပ်သိမ်း ခဲ့ခြင်း၊

(၃) အဆိုပါ ထုတ်ဝေသူသည် အီလက်ထရောနစ်ရှယ်ယာများကို ထုတ်ဝေပြီးဖြစ်ခြင်း။

(ဒေါက်တာမောင်မောင်သိမ်း)

ဥက္ကဋ္ဌ